စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တနိုင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း(၂၀၁၈-၂၀၂၂)

## ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ

တရုံကျေးရွာ၊ တနိုင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ် စက်တင်ဘာလ

## မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င)ပညာရေး

(စ)ကျန်းမာရေး

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ)ကျား-မရေးရာ

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ(၁)-ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## ၁။တည်နေရာနှင့်ပထဝီအနေအထား

တရုံကျေးရွာသည်ကချင်ပြည်နယ်မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် တရုံကျေးရွာအုပ်စု ၊တနိုင်းမြို့၏ အနောက်မြောက်ဘက် တနိုင်းမြို့မှ (၃၅)မိုင်ခန့်အကွာ တနိုင်းချောင်းတစ်ဖက်ကမ်း တွင်တည်ရှိပါသည်။ ကျေးရွာ၏အနေအထားမှာမြေပြန့်ဖြစ်ပါသည်။ ကျေးရွာပတ်လည်တွင် အင်းများရှိခြင်း ကြောင့်မိုးတွင်းကာလတွင်ပုံမှန်အားဖြင့် ကျေးရွာသို့ရေဝင်ခြင်းမရှိသော်လည်း တနိုင်းမြို့ ၏ စိုးရိမ်ရေအမှတ်အရောက်တွင် ကျေးရွာချင်းဆက်လမ်းနှင့် တနိုင်းလီဒိုလမ်းမပေါ်တွင် ရေလွှမ်းမိုး၍ သွားလာရန်ခက်ခဲပါသည်။၃နှစ်တစ်ကြိမ်လောက်ရေကြီးလေ့ရှိသည်ဟု သိရပါသည်။ ကျေးရွာသည် ခုနှစ်လောက်မှစတင်တည်ရှိပြီး ကျေးရွာတွင် ကချင်လူမျိုးအများစု နေထိုင်ပြီး ရခိုင်၊ဗမာ၊ နာဂ၊လီဆူ၊ကရင်လူနည်းစုတို့လည်း နေထိုင်လျက်ရှိပြီး အလွှာပေါင်းစုံ နေထိုင်ကြပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးများသောဒေသဖြစ်သည်။သဘာဝပေါက်ပင်များမှဝါးပင်နှင့် ငှက်ပျောပင် ရှိပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက (၉၅)ကောတောင်ယာ (၃၁) ဧက နှင့် မြေလွတ်(၃) ဧကရှိပြီး စပါး၊ သံပုရာပင်၊ ရှောက်သီးပင်၊ ငှက်ပျောပင်နှင့် အခြားဟင်းသီး ဟင်းရွက် များ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ အင်းများ၊ ချောင်းများရှိသော်လည်း ၄င်းတို့မှ ရေကိုစိုက်ပျိုးရေး အတွက်အသုံးမပြုနိုင်ခြင်း မရှိသေးဘဲမိုးရေ၊ရေစုပ်စက်များနှင့်သာအား ကိုး၍ စိုက်ပျိုးရပါသည်။

## ၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အဖွဲ့ပေါင်း(၅)ဖွဲ့ရှိပြီးကျေးရွာ၏သာရေးနာရေးများကို လုပ်ဆောင်နေသော ဘာသာရေးအသင်းအဖွဲ့၊အမျိုးသမီးအဖွဲ့၊ မိခင်အဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့နှင့် ကျောင်း

ကော်မတီအဖွဲ့ဟူ၍ (၅)ဖွဲ့ရှိပါသည်။ ၄င်းအဖွဲ့များကိုသုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ် တိုင်လိုအပ်ချက်အရဖွဲ့စည်းသောအဖွဲ့များသည်တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့် လည်းအချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိပါသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည် လည်းရပ် တည်နိုင်ကြသည်။ပြင်ပအဖွဲ့အစည်းများမရှိ ကြောင်းတွေ့ရှိရပါသည်။ သက် ဆိုင်ရာ စီမံချက်လုပ်ငန်းအကောင်းအထည် ဖော်ရုံသဘောမျှသာဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါ သည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထား သော အဖွဲ့အစည်းများ ကအားကောင်းကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းစွာဦးဆောင် စီမံခန့်ခွဲနိုင်သောအဖွဲ့ အစည်းစနစ်တကျမရှိသေးပါ။ကျေးရွာအတွင်းအဖွဲ့အစည်းများစွာရှိသော်လည်းတစ်ဖွဲ့နှင့် တစ်ဖွဲ့ လုပ် ဆောင်ချက်များကိုမသိဘဲ အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုမရှိဘဲ အားနည်းနေပါ သည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင်နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးနှင့်လိမ္မော်ပင် တို့ဖြစ်ပါ သည်။ လိမ္မော်ပင်များအား စီးပွာဖြစ်စိုက်ပျိုးကြပြီးဝင်ငွေကောင်းပါသည်။ကျေးရွာတွင် လယ်ဧက (၉၅)ဧက၊တောင်ယာ (၃၁)ဧက နှင့် မြေလွတ်(၃)ဧကရှိပြီး စုစုပေါင်း (၁၂၉) ဧကရှိပါသည်။ စိုက်ပျိုး မြေများမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် မြေ လွတ်မြေလပ်ရှိပါသည်။ကျေးရွာ၏အောက်ဘက်တွင်လယ်များသွားရောက်လုပ်ကိုင်သော် လည်း မိုးအခါတွင်ရေလွှမ်းမိုးမှုများရှိသောကြောင့်သီးနှံများပျက်စီးဆုံးရှုံးရပါသည်။ မိုးတွင်းအခါ တနိုင်း ချောင်း ရေသည် ကျေးရွာပတ်လည်ရှိ အင်းကောများတွင် ဝင်ရောက်နေသော်လည်း စိုက်ပျိုးရေ အဖြစ် အသုံး မပြုနိုင်ခြင်းကြောင့် မိုးရေကိုသာအဓိကထားပြီး စိုက်ပျိုးနေရပါသည်။ တနိုင်းချောင်း မှရေကိုစိုက်ပျိုးရေအဖြစ်အသုံးပြုနိုင်ပါကစိုက်ပျိုးရေးအတွက်အဆင်ပြေလာနိုင်မည် ဖြစ်ပါသည်။ စပါးတစ် ဧကအနည်းဆုံး(၁၆)တင်းမှ အများဆုံးတင်း(၂၈)အထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက (၁၈)တင်း နှုန်းထွက်ရှိပါသည်။မိုးစပါးကို ဇူလိုင်လတွင်စတင်ပျိုးထောင်စိုက်ပျိုးကြ ပြီး နိုဝင်ဘာလတွင် ရိတ်သိမ်း ကြပါသည်။ ရာသီဉတုမှန်လျှင်သော်လည်းကောင်း၊ စပါးသီးချိန်တွင်ချောင်းရေမကြီး ပါက စပါး အထွက်နှုန်းကောင်းရှိပါသည်။ ဟင်းသီး/ဟင်းရွက်ကို ဝင်ငွေရသီးနှံအဖြင့် စိုက်ပျိုးကြပြီး တနိုင်းမြို့ဈေးသို့ သွားရောက်ရောင်းချကြသည့်အခါများ၌ တခါတရံရောင်းမကုန်သည့် အခါမျိုး လည်းရှိကြပါသည်။

ဈေးကွက်ဝင်သီးနှံရွေးချယ် စိုက်ပျိုးနိုင်ကြပြီး လယ်/ယာသုံးစက်ကိရိယာများ မတတ်နိုင်၍ လူလုပ်အားဖြင့်သာ လုပ်ကိုင်နေရ သောကြောင့်အလုပ်တွင် ကျယ်ခြင်းမရှိဘဲမျှော်မှန်း ထားသလောက် မလုပ်ဆောင်နိုင်ပါ။သီးနှံထုတ်လုပ်မှုမှဝင်ငွေနည်းသည့်အတွက်လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုး ဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။ကျေးရွာတွင်မြေယာမဲ့(၃၅)အိမ်၊ဆင်းရဲသားတောင်သူ(၁၂၅)အိမ်၊တောင်သူငယ်(၃၀)အိမ်၊ တောင်သူ လတ်(၈၈)အိမ်နှင့်တောင်သူကြီးအိမ်မရှိပါ။မြေယာမဲ့နှင့်ဆင်းရဲသား တောင်သူသည် အရေ အတွက်အား ဖြင့်(၅)အိမ်ရှိပြီး၊ တောင်သူလတ်နှင့် တောင်သူကြီးမှာ အရေအတွက် မှာ(၅)အိမ်သာ ရှိသဖြင့်မြေယာပိုင်ဆိုင်မှုမှအလွန်ကွာဟချက်ရှိ ကြောင်းတွေ့ရ ပါသည်။ မြေယာပိုင်ဆိုင်မှုမညီမျှမှု ရှိကြောင်းတွေ့ ရပါသည်။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွားဖြစ် မွေးမြူထားလေ့မရှိပါ။နွားကိုမွေးမြူသောအိမ်ထောင်စု (၁၂၅)စုမှ နွားကောင်ရေ ၁၉၀ ကောင်၊ ဝက် ကို အိမ်ထောင်စု(၅၇)အိမ်မှ ဝက်ကောင်ရေ(၈၀ )ကောင်၊ ကြက်ကို အိမ်ထောင်စု (၃၀) အိမ်မှ အကောင်းရေ (၃၄၆ ) ကောင်၊ ဘဲကို (၂၀)အိမ်မှ အကောင် ရေ(၃၃)ကောင် မွေးမြူထားပြီး ကျွဲမွေးမြူထားသော အိမ်ထောင်စု (၅၆)မှ ၉၆) ကောင် မွေးမြူထား ကြောင်းတွေ့ရပါသည်။ မွေးမြူရေးနှင့်ပက်သက်၍ ဈေးကွက်အလုံ အလောက် ရှိပြီး တိုးမြှင့် မွေးမြူလိုသော်လည်း အရင်းအနှီးနည်းပါးခြင်း၊ မိုးတွင်ရေကြီးခြင်း၊ ရာသီအကူး အပြောင်း တွင်တိရိစ္ဆာန် ရောဂါကိုကာကွယ်သည့်နည်းပညာ ဗဟုသုတ မရှိခြင်းတို့ကြောင့် နှစ်စဉ် ရှုံးဆုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

**(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာအတွင်းလက်တူတွင်း(၁၀)တွင်း၊အဝီစိ/တုံကင်(၂)နှင့် မြစ်ရေချောင်းရေကို အသုံးပြုနေရသော အိမ်ထောင်စု (၁၁၈)စုရှိပါသည်။ မြစ်ရေချောင်းရေအသုံးပြုရသော အိမ်ထောင်စုများပြားသဖြင့် လက်တူးတွင်းနှင့် အဝီစိတွင်းများကို လုံလောက်စွာချထားပေးရန်လိုအပ် ပါသည်။ ရေအရည်အသွေးကောင်းမွန်သည်ဟုသိရပါသည်။ မူလတန်းကျောင်းသူ/ကျောင်းသားဦးရေ(၆၃)နှင့် အလယ်တန်းကျောင်းသား/ သူ(၁၅၀)ဦး ၊အထက်တန်း (၁၂၅)ဦး ရှိပါသည်။ ကျောင်းအဆောက်အဦးများ မှာ တစ်ထပ်ဆောင် (၃)ခုရှိပါသည်။ ကျောင်းအဆောက် အဦး နှင့် ကျောင်းသား/သူဦးရေ လုံလောက်မှုရှိပါသည်။ကျောင်းအတွက်ဆရာ/ဆရာမ လုံလောက်မှုရှိ ပါသည်။ ကျောင်းခြံစည်းရိုးအားသံဆူးကြိုးတို့ဖြင့်ကာထားပြီးခြံစည်းရိုးမှာခိုင်ခံ့မှုမရှိခြင်း၊တစ်မျိုးတည်းတပြေးညီကာရန်ထား

မှုမရှိ ခြင်း၊ သင်ထောက်ကူပစ္စည်းများလိုအပ် ခြင်း၊အဓိကမှာကျောင်းသည် လူဦးရေများပြားလာပြီး ကျောင်းသားဦးရေနှင့် အိမ်သာ လုံလောက်မှုမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှာ ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိပြီး ကျန်း မာရေးဆရာမလုံလောက်မှုရှိပါသည်။လူ နာများ အရေးပေါ်အခြေအနေဖြစ်ပါက တနိုင်းမြို့ပြည်သူ့ဆေးရုံသို့သွားရောက်ကုသရန်အရေးပေါ် လူနာ တင်ယာဉ် လိုအပ်ပါသည်။ကျေးရွာရှိအိမ်တိုင်းနီးပါးယင်လုံအိမ်သာကို ၁၀၀%နီးပါးသုံးစွဲနိုင် ကြပါသည်။

ကျေးရွာတွင်မဟာဓါတ်အားလိုင်မရှိပါ။ ဆိုလာအသေးစားများဖြင့်သုံးစွဲသည့် အိမ်ထောင်စု (၈၈)စုအသုံးပြုနိုင်ခြင်းမရှိသောအိမ်ထောင်စု(၅၀)နှင့် ဇီဝလောင်စာသုံးစွဲသူမရှိပါ။ ဆိုလာစနစ် သုံးစွဲသူ (၁၅၀) အိမ်ထောင်စုမှရာသီဥတုမကောင်းပါကအားမပြည့်ပါ။စာကြည့် မီးအတွက် သာအသုံးပြုနိုင်ပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြု၍မရနိုင် သောကြောင့်အ ခက်အခဲများ ရှိပါသည်။ ဖယောင်းတိုင်မီးများသုံးစွဲနေရခြင်းကြောင့် မီးဘေးအန္တရာယ်လဲ ရှိပါသည်။ ကျေးရွာ ဈေးမရှိပါ၊ ကျေးရွာတွင် အိမ်ဆိုင်အနည်းငယ်သာရှိပါသည်။ကျေးရွာနှင့်( ၃၅ ) မိုင်ဝေး ကွာသော ဈေးတွင် လိုအပ်သောပစ္စည်းများကိုသွားရောက်ဝယ်ယူသုံးစွဲရပါသည်။ကျေးရွာ မှသီးနှံထွက် ကုန် များ ရောင်းချရန်နှင့် ဝယ်ယူစားသောက်ရန်ဈေးလိုအပ်ပါသည်။

**(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုမရှိပါ။ လက်လမ်းမီမှုမရှိသည်ကိုတွေ့ရှိရပါသည်။

**(င)ပညာရေး**

ကျေးရွာတွင်( ၅ )နှစ်အထက် လူဦးရေ(၈၅)ယောက်ရှိသည့်အနက် စာမတတ်သူ(၃၀)ဦး ( ကျား၁၂+မ၁၈ )၊ မူလတန်းအဆင့်အတန်းပညာပြီးမြောက်သူ(၁၂၀)ဦး( ကျား ၆၅ +မ၅၅)၊ အလယ် တန်းအဆင့်အတန်းပညာပြီးမြောက်(၂၅၀)ဦး(ကျား၁၃၅+မ၁၁၅)၊အထက်တန်းအဆင့်အတန်းပညာ ပြီးမြောက်သူ(၉၀)ဦး(ကျား၅၀+မ၄၀)၊တက္ကသိုလ်၊ကောလိပ်အဆင့်အတန်းပညာပြီးမြောက်သူ(၈၀) ဦး(ကျား၃၀+မ၅၀)ရှိသဖြင့်ကျေးရွာ၏စာတတ်မြောက်မှုအခြေအနေနိမ့်ပါးသည်။အမျိုးသားများသ ည်အမျိုးသမီးများထက် ပညာတတ်မြောက်သူဦးရေးပိုများသည်ကိုတွေ့ရပါသည်။

ကျောင်းဝန်းသည် အကျယ်အဝန်း(၂)ဧကနီးပါး ကျော် ရှိပြီးကျောင်းခြံစည်းရိုးမှာ ခိုင်ခံ့မှုမရှိပါ။ မူကြိုကျောင်းမရှိပါ။ ကျောင်းအိမ် သာစနစ်တကျမရှိသေးပါ။လကတူးတွင်းမှ ရေကိုအသုံးပြု နေပါသည်။

**(စ)ကျန်းမာရေး**

အဖြစ်များသောရောဂါများမှာ ငှက်ဖျား၊တုပ်ကွေး သွေးတိုးရောဂါများအဖြစ်များသည်။ မိုးတွင်ကာလတွင် ကျေးရွာအတွင်းရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိခြင်းကြောင့် သွေလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါအဖြစ်များပါသည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သောရောဂါ၊တီဘီရောဂါနှင့် အာဟာရချို့တဲ့မှု ရောဂါများဖြစ်ပွားမှုနိမ့်ပါသည်။ ဓါတုဆေးဝါး ပါသော အစားအစားများကိုနေ့စဉ် မလွဲမရှောင်သာစားသောက်နေရခြင်း၊ ကျန်းမာ ရေး လေ့ကျင့်ခန်းပြုလုပ်သည့်အလေ့အထမရှိခြင်းတို့ကြောင့်ဆီးချိုသွေးချို၊ သွေးတိုးရောဂါများ အဆိုးဆုံး ဖြစ်ပွားပြီးကျန်းမာရေးဆေးကုသစရိတ်ကုန်ကျမှုများကြပါသည်။ ကျေးရွာတွင် အခြား ကူးစက်နိုင်သောရောဂါများမရှိပါ။လူငယ်များကြားတွင် မူးယစ်ဆေးဝါကြောင့် လူငယ် အများစု ပျက်စီးရသည့်ပြဿနာရှိပါသည်။ ကျေးရွာသူ/သားများမှ မူးယစ်ဆေးဝါးအားတိုက်ဖျ က်ချင်သောဆန္ဒရှိကြပါသည်။ ကျန်းမာရေးဗဟုသုတလည်း အားနည်းပါသည်။ ထိုကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းသုံးကရိယာများနှင့်အားကစားကွင်းများလိုအပ်ပါသည်။ကျေးရွာတွင်ကလေးကာကွယ်ဆေးများကိုပုံမှန်ထိုးပေးလေ့ရှိသော်လည်းလူကြီးများအားထိုးပေးခြင်းမရှိပါ။ကျန်းမာရေးနှင့်ဆိုင်သည့် ပညာပေးဟော ပြောပွဲများ ပြုလုပ်ပေး ရန်လိုအပ်ပါသည်။

အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွားတက်ရောက်ပြီးသူရှိသော်လည်း ကျွမ်းကျင် မှုအားနည်းပါသည်။ တနိုင်းမြို့နယ်ဆေးရုံသို့ သွားသောလမ်းသည် ကောင်းသော်လည်း အရေးပေါ်သွားလာရန်ယာဥ်မရှိသောကြောင့် အရေးပေါ်ကိစ္စများ အတွက်များစွာအခက်အခဲ ရှိပါသည် ။ ထို့ကြောင့် အရေးပေါ်ယာဥ် လိုအပ်ပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေ အသင့်အတင့်ရှိပါသည်။ပတ်ဝန်းကျင်းတွင် သဘာဝသံယံဇာ ထုတ်ယူသုံးစွဲသဖြင့် ရာသီဥတု ဖောက်ပြန် မှုများ ဖြစ်ပေါ်ပါသည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များမှ ဝါး၊ သစ်၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွများကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲ ခြင်းနှင့်ထိန်းသိမ်းမှု အားနည်းခြင်း တို့ကြောင့်ရှားပါး လာပါသည်။ရာသီဥတုဖောက်ပြန်ခြင်းနှင့်ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်တွင်လည်း အန္တရာယ်ရှိမှုမြင့်ပါသည်။ သစ်တောပြုန်တီးမှု ကြောင့်ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက် လာသဖြင့်ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု ရှိနိုင်ပါသည်။ဘတ္တရီဖြင့်ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ချောင်းများတွင် စည်းကမ်းမဲ့ စွန့်ပစ်ခြင်း ကြောင့် ငါးမျိုးများပြုန်းတီးလာကြပြီးအန္တရာယ်ရှိမှုမြင့်မားလာပါသည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုမရှိခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များ မှလည်းရှားပါးလာပြီးအန္တရာယ်ရှိမှုမြင့် လာပါသည်။ ဂျီး၊ဆတ်၊တောဝက်၊တောကြောင်၊ တောကြက် စသည့် အခြားတောရိုင်းတိရိစ္ဆာန် များမှာလဲရှားပါးလာပါသည်။ကျေး ရွာတွင်ရေနုတ်မြောင်း မရှိခြင်း ကြောင့်ချောင်းရေကျချိန်တွင်ကျေးရွာအတွင်းရှိ အင်းထဲတွင်ရေဝပ်ကျန်ရစ်နေပါသဖြင့် အများပြည်သူ သွားလာရန်ခက်ခဲပါသည်။မိုးရာသီတွင် မိုးဆက်လက်ရွာသွန်းနေပါက ချောင်းထဲမှ ရေများမြင့်တက်လာပြီး တစ်ခါတစ်ရံ ရေကြီးခြင်းဖြစ်ပေါ်လာ၍ စပါးစိုက်ခင်များ ရေနစ်မြှုပ် မှုခံရသောကြောင့် တောင်သူများ ပျက်စီးဆုံးရှုံးမှုနှင့်ခံကျရပါသည်။

**(ဇ)ကျား-မရေးရာ**

ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ကျေးရွာတွင်စီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများလည်းပါဝင်ဆောင်ရွက် လာမှုများတွေ့ရှိရပါသည်။အမျိုးသမီးများပြည်သူလူထုမှရွေးချယ်တင်မြောက်ကြပြီး မိမိကိုယ် ကိုမိမိ ယုံကြည်မှုရှိကြပါသည်။ခေါင်းဆောင်မှုရှိပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသမီး များ သည်တက်စွမ်းသမျှပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။ကျေးရွာတွင်မိန်းကလေးများ/ အမျိုး သမီး များအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိကြသော်လည်းအိမ်တွင်း အကြမ်း

ဖက်မှုများရှိပါသည်။အိမ်တွင်းအကြမ်းဖက်မှုများမှမူးယစ်ဆေးဝါးများကြောင့်အဖြစ်များပါသည်။ အမျိုးသားများမှ ၎င်းတို့အမျိုးသမီးများအားမူးယစ်ဆေးများသုံးစွဲရန် ပိုက်ဆံတောင်းရာတွင် မပေးသဖြင့် ရိုက်နှက်ခြင်းများရှိပါသည်။မိဘများထံမှမူးယစ်ဆေးသုံးရန်ငွေ တောင်း၍ မရသောကြောင့် ဓါးဖြင့်ခြိမ်းခြောက် တောင်းခံခြင်းများလည်းရှိပါသည်။ ထို့ကြောင့်မူးယစ် ဆေးအန္တရာယ်များ အမြစ်ပြတ်နှိမ်နင်းပေးရန်လိုအပ်ပါသည်။ ထိုကြောင့်အမျိုးသမီးများ စွမ်း ဆောင်ရည်မြှင့် တင်ရေးသင်တန်းများ၊အိမ်တွင်းအ ကြမ်း ဖက်မှုကာကွယ်တာ ဆီးရေးသင်တန်း နှင့်ဥပဒေများကိုအမြင်ဖွင့်သင်ကြားခြင်းများလိုအပ်ပါ သည်။ကျေးရွာအနီးပတ်ဝန်ကျင်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများ သာရှိ၍ ၎င်း လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးတစ်ရက် လုပ်အားခ (၄၀၀၀)တန်းတူ လုပ်အားခရရှိပါသည်။ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာခွဲခြားမှုမရှိဘဲတန်းတူရရှိပါသည်။

**၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍာ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁။ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း<br>၂။စာရင်းနှင့်မှတ်တမ်းရေးသွင်းနည်းသင်တန်း<br>၃။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း<br>၄။လေ့လာရေးခရီး | |
| ၂။ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ပညာရေးဝန်ထမ်း<br>အင်းအားတိုးမြှင့်ခန့်ထားပေးခြင်း<br>၂။သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း<br>၃။ကျောင်းအဆင့်မြှင့်ပေးခြင်း<br>၄။ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း<br>၅။ကျောင်းခြံစည်းရိုးကာရံခြင်း | |

| | | | |
|---|---|---|---|
| | | ၆။ကျောင်းသုံးပရိဘောဂ<br>၇။ပညာရေးဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း | |
| ၃။ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။အရေးပေါ်လူနာတင်ယဉ်<br>၂။ကျန်းမာရေးအသိပညာပေးသင်တန်း<br>၃။တိုင်းရင်း ဆေးသင်တန်း<br>၄။ကျန်းမာရေးဆရာ/ဆရာမ | |
| ၄။ | သောက်ရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးမှုစီမံကိန်း | ၁။သောက်ရေ အရည်အသွေးစစ်ဆေးခြင်း<br>၂။လက်တူးတွင်း များတူးဖော်ပေးရန် | |
| ၅။ | လမ်းတံတားနှင့်အခြေခံအဆောက်အဦးဖွံ့ဖြိုးမှုစီမံကိန်း | ၁။စာသင်ကျောင်းများအသစ်ဆောက်လုပ်ပေးရန်<br>၂။ရွာတွင်းလမ်းများ ပြုပြင်ပေးရန်<br>၃။ကျေးရွာအဝင်တွင်ရေပြွန်တံတားများပြုလုပ်ပေးရန် | |
| ၆။ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။စပါးမျိုးကောင်း မျိုးသန့်ရရှိရေး<br>၂။လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချခြင်း<br>၃။လယ်ကေများဖော်ထုတ်ပေးခြင်း | |
| ၇။ | စိုက်ပျိုးရေးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ရေနုတ်မြောင်းတူးဖော်၍စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း | |
| ၈။ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | ၁။စိုက်ပျိုးရေးနည်းပညာသင်တန်း<br>၂။ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း<br>၃။သဘာဝ မြေဆွေးပြုလုပ်နည်းသင်တန်း | |
| ၉။ | မွေးမြူရေးထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ကြက်၊ဝက်၊ဘဲ မွေးမြူရေးတိုးမြှင့်ခြင်း<br>၂။ခိုင်မာသော်ဈေးကွက်ရရှိရန် | |
| ၁၀။ | မွေးမြူရေးနည်း | ၁။တိ/မွေးကုမွမ်းမံသင်တန်း | |

| | | | |
|---|---|---|---|
| | ပညာဖွံ့ဖြိုးမှုစီမံကိန်း | | |
| ၁၁။ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ | |
| ၁၂။ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း | ၁။ခေတ်မီ စက်ကိရိယာတပ်ဆင်ခြင်းလုပ်ငန်း (လက်သမားကိရိယာ၊ပန်းရံ ကိရိယာ၊ စက်ချုပ်ကိရိယာ၊အလှပြင်ဆိုင်ကိရိယာ၊ ရိုးရာ ယန်ကန်းကိရိယာ) | |
| ၁၃။ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ရိုးရာယက်ကန်းသင်တန်း<br>၂။အလှပြင်သင်တန်း<br>၃။စက်ချုပ်သင်တန်း<br>၄။ဆိုင်ကယ်၊ကားဝပ်ရှော့သင်တန်း<br>၅။ဖုန်းပြုပြင်ခြင်းသင်တန်း<br>၆။ပန်းအလှသင်တန်း | |
| ၁၄ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ရိုးရာတီးဝိုင်း ၊ ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း<br>၂။ကွန်ပြူတာသင်တန်း<br>၃။အင်္ဂလိပ်စကားပြောသင်တန်း<br>၄။မူးယစ်ဆေးကာကွယ်တားဆီးရေးသင်တန်း<br>၅။အားကစားကွင်း ပြုပြင်ရန်နှင့် အားကစားပစ္စည်းများပံ့ပိုးခြင်း<br>၆။မူးယစ်ဆေး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း<br>၇။လူကုန်ကူး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း | |

| | | | |
|---|---|---|---|
| ၁၅။ | သယ်ယူပို့ဆောင်ရေးဖွံ့<br><br>ဖြိုးမှုစီမံကိန်း | ၁။အရေးပေါ်လူနာတင်ယာဉ်ထူထောင်ပေးရန် | |
| ၁၆။ | သဘာဝဘေးလျှော့ချ<br><br>ရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကျေးရွာပတ်လည်၌ ရေနုတ်မြောင်းတူးဖော်ပေးခြင်း<br><br>၂။အရံမီးသတ်တပ်ဖွဲ့ထူထောင်ခြင်း<br><br>၃။မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်၊ ရေစုပ်စက်<br><br>ထားရှိခြင်း | |
| ၁၇။ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း<br><br>၂။ဆေးဖက်ဝင် ဘယဆေး စိုက်ခင်းထူထောင်ခြင်း<br><br>၃။လူထုထင်းစိုက်ခင်း ထူထောင်ခြင်း<br><br>၄။ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဟောပြောခြင်း<br><br>၅။သစ်ပင်စိုက်ပွဲတော်များပြုလုပ်ပေးခြင်း | |
| ၁၈။ | အမျိုးသမီးများစွမ်း ဆောင်ရည်ဖွံ့ဖြိုးမှုစီမံ ကိန်း | ၁။အမျိုးသမီး ကာကွယ်စောင့်ရှောက်နည်းသင်တန်း<br><br>၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင် တန်း<br><br>၃။အမျိုးသမီးအိမ်တွင်းမှုသင်တန်း | |
| ၁၉။ | မူဝါဒ | ၁။စိုက်ပျိုးမြေများပုံစံ (၇) ရရှိရေး<br><br>၂။အိမ်ထောင်စုမရရှိသေးသူများပြုလုပ်ပေးရန် | |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄၅ | ၄၁ | ၈၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၅ | ၅၀ | ၁၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၂၃ | ၁၂၂ | ၂၄၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၉၀ | ၁၈၀ | ၃၇၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၀ | ၁၆၀ | ၃၄၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅၁ | ၆၁ | ၁၁၂ |
| **စုစုပေါင်း** | | **၆၆၄** | **၆၁၄** | **၁၂၇၈** |
| **စုစုပေါင်း အိမ်ထောင်စု (၂၈၈)** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၆.၅%** | | |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၈၈ ရှိပြီး လူဦးရေပေါင်း ၁၂၇၈(ကျား ၆၆၄ + မ ၆၁၄) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၆.၅% ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော ၅ယောက်နှုန်းနီးပါးရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ် ကလေးငယ်စုစုပေါင်း ၈၆ ဦး (၆.၇၃%) သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းနေကြောင်းတွေ့ရသည်။ ၅ နှစ်အောက်ကလေး၁၂၅ဦး (၉.၈%) ရှိသည်ကိုသိရှိခြင်းအားဖြင့်ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၂၄၅ ဦး (ကျား ၁၂၃+မ၁၂၂) နှင့် အလယ်တန်းကျောင်း သားအရွယ် ၃၇၀ ဦး (ကျား ၁၉၀+မ ၁၈၀) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်၃၄၀(ကျား ၁၈၀+ မ ၁၆၀)၊ (၂၆.၆%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေနည်းပါးသည်ကိုတွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း အသက်မွေ ဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာ ဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသား ဦးရေသည် အမျိုးသမီး ဦးရေ ထက် ၅၀ ဦး ပိုများသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၁၂ဦး (ကျား ၅၁+မ၆၁) ဦး (၈.၈%) ရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင်သက်ကြီးရွယ်ကြီးများ နည်းပါးသည်ကိုကြည့်ခြင်းအားဖြင့် ကျေးရွာတွင် အသက်ရှည်ရှည်နေထိုင်ရမှုနည်းပါးသည်ကိုတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၀ | ၁၂၀ | ၂၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁၆ | ၁၁၆ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၆ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | ၁၁ | ၁၄၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ၊ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၁၉ | ၁၂ | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | ၄ | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | (သုံးဘီးမောင်း) | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၁ | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့်☐ လတ်☐ နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | သင်းအုပ်ဆရာ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | **စုစုပေါင်း** | **၂၈၈** | **၂၈၈** | **၁၉၄** | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**” အရေအတွက်တွင် “**မိသားစုဝင်လုပ်အား**” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**” ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင် ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေ ၂၈၈ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁)အိမ်(ကပ၁၂၀+လသ၁၁၆)၊ငါးလုပ်ငန်းလုပ်ကိုင်သူ(၁၁)အိမ်၊သတ္တုတူးဖော်ရေးနှင့်သဘာဝအရင်းအမြစ် ရှာဖွေသူ(၁၉)အိမ်၊ဈေးရောင်းဝယ်(၁၂)အိမ်၊သုံးဘီးမောင်း(၁)အိမ်၊ပြည်သူ့စစ်(၁)အိမ်၊ကျောင်းဆရာ(၁) အိမ်၊ သင်းအုပ်ဆရာ(၆)အိမ်၊ကျပန်းလုပ်သူ (၁၉)အိမ်နှင့် ပြင်ပကုမ္ပဏီတွင်လုပ်ကိုင်သူ (၁)အိမ်စုစုပေါင်း (၅၂၉) အိမ်ဖြစ်သည်။၂၈၈အိမ်မှ အလုပ်လုပ်နေသူ(၂၈၈)ဦးရှိသောကြောင့်မိသားစုစားဝတ်နေရေးအတွက် တစ်အိမ် ထောင်ပျမ်းမျှ (၁.) ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သစ်တောတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | လပေး | | ၅၀၀၀၀ | | ၅၀၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ ရှိချက်။** ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၃ မျိုးရှိသည်ကို တွေ့ရသည်။ ၎င်းတို့မှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထု တ်ကုန်လုပ်ငန်း၊ဆောက်လုပ်ရေးလက်သမား၊ ပန်းရံလုပ်ငန်းများနှင့်ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်းများဖြစ်သည်။ ၎င်းလုပ်ငန်းများအနက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင်အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူရကြပါသည်။လယ်စိုက်ချိန်တွင် နေ့စားလုပ်အားခ (၄၀၀၀)နှင့် နေ့လည်စာထမင်းကျွေးသည်ဟုသိရပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူ ရသည်ဟု ဆိုနိုင်ပါသည်။ သစ်တောတူးဖော်ရေးလုပ်ငန်းသည်နေ့စားလုပ်ကိုင်ခြင်းမဟုတ်ဘဲကိုယ်တိုင်တူးဖော် ဆောင်ရွက် ခြင်းဖြစ်ပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **စုစုပေါင်း** | **၁၂၉** | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။**ကျေးရွာတွင်** လယ် ၉၅ဧက၊ တောင်ယာမြေ ၃၁ဧက၊ ဧကနှင့်မြေလွတ်မြေလပ် ၃ ဧက၊ စုစုပေါင်း မြေ (၁၂၉) ဧက ရှိသည်။ လယ်၊ တောင်ယာမြေနှင့် ဥယာဉ်ခြံစိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း ရေကြီးသည့်အခါရေနစ် ဝန်းဖြစ်ပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် ☐နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

**လေ့လာတွေ့ ရှိချက်။** ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာနှင့်(၁၅)မိုင်နီးပါဝေးသော နေရာတွင်ပယင်ကျောက်များတူးဖော်ရရှိနိုင်ပါသည်။တရုံချောင်းတွင် သဲ၊ ကျောက်များရှိသော်လည်း နည်းပါသဖြင့် လိုအပ်သလောက်မရရှိနိုင်ပါ။သဘာဝပေါက်ပင်များအနေဖြင့် ဆေးဖက်ဝင်အပင်များမှာ ဆေးခါးပင်၊ နနွင်းနက်၊ နနွင်းဝါ၊ ကချင်ဆေးပင်အ မြစ်/အရွက်၊ ဆေးသစ်ခွ၊ ပန်းသစ်ခွ၊ဝါး၊မန်ကျည်းနွယ်စသည်များ အနည်းငယ်ရှိသော်လည်း မန်ကျည်းနွယ်အပင်သာ ဆေးဖက်ဝင်သဖြင့် တရုတ်ပြည်မှဝယ်ယူကြပြီး ကျန်အပင် များမှာ အသုံးချရန်ကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံး မပြုနိုင်ကြပါ။

**(ဃ) ဉစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၆၀ | ၈၀ | ၇၀ | ၇၈ |
| အိမ်အခြေအနေ | | | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | | | | |
| **အိမ်ထောင်စု (၂၈၈)** | ၆၀ | ၈၀ | ၇၀ | ၇၈ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ ရှိချက်။** ။တရုံကျေးရွာတွင် အိမ်ခြေ ၂၈၈ အိမ်ရှိပြီး အဆင့် ၁ (၆၀) အိမ် (၂၀.၈၃%)၊ အဆင့် ၂ (၈၀)အိမ် ( ၂၇.၈%)၊ အဆင့် ၃ ( ၇၀) အိမ် (၂၄..၃%)နှင့် အဆင့် ၄ (၇၈) အိမ် (၂၇.၀၈%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများ ပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဉ စ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၂၈၈ အိမ်ထောင်စုအနက် (၁၄၀) အိမ် သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်မှုမရှိသော်လည် ဝမ်းစာလုံလောက်မှုရှိခြင်း၊ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၂၈၈ အိမ်အနက် ၁၄၈

အိမ်ရှိသည်။အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အ လွန် နည်းသောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =__________<br>အစာလျှော့စား =__________<br>အထောက်အပံ့ယူ =__________<br>ချေးယူ =__________<br>လုပ်အားခကြိုယူ =__________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =__________<br>အစာလျှော့စား =__________<br>အထောက်အပံ့ယူ =__________<br>ချေးယူ =__________<br>လုပ်အားခကြိုယူ =__________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =__________<br>အစာလျှော့စား =__________<br>အထောက်အပံ့ယူ =__________<br>ချေးယူ =__________<br>လုပ်အားခကြိုယူ =__________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင့် (၃) အိမ်နှင့် အဆင့် (၄) ၁၄၈ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှုစစ်တမ်းအရအိမ်တိုင်းနီးပါးရှိသော်လည်းပယင်မော်သွားပြီးလုပ်ကိုင်စား သောက်နေသော ကြောင့်အထက်အကြောင်းအရာမှချေးယူစားသောက်ရခြင်းများရှိပါသည်။

### (င-၂) ကူညီစောင်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမရှိပါ။ သက်ကြီးရွယ် အိုရှိသော်လည်မိသားစုအတူနေထိုင်စားသောက်နေနိုင်တာဖြစ်ပါသည်။အမျိုး သမီးဦးဆောင်သော အိမ်ထောင်စုမှာ၂၅စု၊ ဆင်း ရဲ၍ မိသားစုဦးရေများသည့် အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်သည်မိသားစု(၁၇)စုသာတွေ့ရှိရပါသဖြင့် ၄င်းတို့အတွက် အလုပ် အကိုင် အခွင့် အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေ တိုးလာနိုင်ပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | လေျှင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ပြည်တွင်းပဋိပက္ခ ကျရောက်မှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ပြည်တွင်းစစ်များကြောင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးလာပြီး စားဝတ်နေရေး အဆင်မပြေမှုများဖြစ်ကြရသည်။ သဘာဝအရင်းအမြစ် များဖြစ်သော စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေများလတ် ဖြစ်ရခြင်းမှာ သီးနှံများအထွက်နှုန်းနည်းခြင်း၊ စိုက်ပျိုးမြေနည်းခြင်း၊ စိုက်ပျိုးရေအနေဖြင့် သွင်းရေ မရဘဲ မိုးရေကိုသာ အားကိုးနေရခြင်း၊ နည်းပညာ အားနည်းခြင်း တို့ကြောင့်ဖြစ်သည်။ ရေကြီးခြင်း လတ်ဖြစ်ရခြင်းမှာ (၃-၄)နှစ် တစ်ကြိမ်မိုးများ ၍ရေကြီး သောကြောင့် ရေကြီးသောအခါ လီဒိုလမ်းမှာရေလွှမ်းမိုး၍ တနိုင်းမြို့သို့သွားလာ၍ ရောင်းဝယ်ဖောက် ကားမှုများ ပြုလုပ်ရန်အခက်အခဲများဖြစ်ရပါသည်။ သစ်တောပြုန်း တီးမှု လတ်ဖြစ်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်း တို့ကြောင့် ဖြစ်သည်။ တိရစ္ဆာန်ကူးစက်မှု ရောဂါ ကျရောက်မှု လတ်ဖြစ်ရခြင်းမှာ တိမွေးကုဌာနမှ ဝန်ဆောင်မှု လုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှုမရှိခြင်းကြောင့်ဖြစ်သည်။

တီဘီရောဂါနှင့်ငှက်ဖျားရောဂါကျရောက်မှုထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာကျေးရွာပတ်ဝန်းကျင်တွင်ရေကြီးကျန်ရစ်ခဲ့သည်အင်းထဲမှခြင်ပေါက်ပွားခြင်းနှင့်ဆင်းရဲသားမိသားစုမှာခြင်ထောင်သုံးစွဲနိုင်မှုမရှိခြင်း၊ရောဂါဖြစ်ပွားသည့်အချိန်တွင်လည်း ကုသရန်ကျန်းမာရေးဆရာ/မ လုံလောက်မှုမရှိခြင်းနှင့် ဆေးဝါးများ အလုံအလောက်မရှိခြင်းကြောင့် ရောဂါများအချိန်မှီကုသနိုင်ခြင်းမရှိပါ။ ကိုယ်ခံအားကျဆင်းမှုရောဂါ လတ်ဖြစ်ရခြင်းမှာ လူငယ်အမျိုးသားအများစုမှာ မူးယစ်ဆေးဝါးသုံးစွဲကြပြီး မူးယစ်ဆေးဝါးများမှာ ၎င်းတို့လိုသလောက်အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး မူးယစ်ဆေးဝါး၏ သားကောင်များဖြစ်နေကြ သောကြောင့် ရောဂါကူးစက်ရန်လွယ်ကူပြီး ကိုယ်ခံအားကျဆင်းမှု ရောဂါများဖြစ်ရခြင်းဖြစ်ပါသည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

### (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ရေိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ် လက်စားများ၊ကျပန်းများ၊ရွှေတွင်းလုပ်သားများ၊ဆေးစွဲသူများသည် ထိခိုင်သက်ရောက်နိုင်မှု မြင့်သည်။ လူငယ်များ ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိ က အလုပ် လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊မူးယစ်ဆေးဝါးများသုံးစွဲမှုများခြင်း၊ ယာဉ်အန္တရာယ် အချိန်မရွေး ကျရောက်နိုင် ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းဖြစ်သည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့်လက်လုပ်လက်စားများ၊ကျပန်းများမှာလည်းပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့်ကြုံရာအလုပ်များအားလုပ်အားခနည်းသော်လည်း စားဝတ်နေရေးအတွက် အလုပ်လုပ်ရခြင်းတို့ကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက်နိုင်မှုမြင့်သည်။ ရွှေတွင်းလုပ်သားများ ငှက်ဖျားရောဂါနှင့် အခြားကူးစက်ရောဂါများ အလွယ်တကူကျရောက်နိုင်ခြင်း၊ ကူးစက်နိုင်ခြင်းနှင့် မြေပြိုမှုများ ကျရောက်နိုင်ခြင်း၊သောကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်အခြေအနေတွင်ရှိသည်။ ဆေးစွဲသူများမှာ အခြားကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်ခြင်း၊မိသားစုများထံမှ ငွေတောင်း၍ မရပါက မိသားစုများသို့ရန်ရှာခြင်း၊ ငွေတောင်း၍မရပါက အခြားအိမ်များမှ ပစ္စည်းများအားခိုးယူခြင်းတို့ကြောင့် ထိခိုက်သက်ရောက်မှု မြင့်နိုင်သည်။ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု နိမ့်ခြေတွင်ရှိသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁☐၂☐၃☐ | ၉ | ၂ | ၁၁ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | လူငယ်အဖွဲ့ | ၁☐၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ဘာသာရေး အသင်အဖွဲ့ | ၁☐ ၂☐<br>၃☐ | ၅ | ၄ | ၉ | ပညာရေး☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကျောင်းအ ကျိုးတော် ဆောင် | ၁☐ ၂☐<br>၃☐ | ၅ | ၃ | ၈ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၅ | အမျိုးသမီး | ၁☐ ၂☒ | | | | ပညာရေး ☐ ငွေကြေး ☐ | ကောင်း☑ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | ၃☐ | | | | ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် ☐<br>ညံ့ ☐ |
| ၆ | မိခင်အဖွဲ့ | ၁☐ ၂☒<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၇ | မြစိမ်းရောင် | ၁☐ ၂☒<br>၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |
| ၈ | သမဝါယမ | ၁☐ ၂☒<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |
| ၉ | SRG | ၁☐ ၂☒<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး ဘာသာရေးသီးသန့်ကို အခြေခံသောအဖွဲ့ ၁ ဖွဲ့နှင့်လူမှုရေးနှင့် သာရေးနာရေးပူးတွဲလုပ်နေသောအဖွဲ့ ၄ ဖွဲ့နှင့် ပညာရေးကိုအခြေခံသောအဖွဲ့ (၁)ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံ ကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်း လိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံ ကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မရှိပါ။ | ၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |
| ၂ | | ၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ပြင်ပ အဖွဲ့အစည်းများမရှိပါကြောင်းတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၂၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၃၀ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၈၈ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၈၈** | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့ ၃၅ အိမ်၊ ဆင်းရဲသားတောင်သူ ၁၂၅ အိမ်၊ တောင်သူ ငယ် ၃၀ အိမ်၊ တောင်သူလတ် ၈၈ အိမ်နှင့် တောင်သူကြီး ၅အိမ်ရှိသည်ကိုတွေ့ရပါသည်။ မြေယာမဲ့၊

ဆင်းရဲသားတောင် သူနှင့် တောင်သူငယ်သည် အရေအတွက်အားဖြင့် (၃၀) အိမ်ရှိသော်လည်း မြေယာပိုင်ဆိုင်မှုမှာနည်းပြီး တောင်သူလတ်နှင့် တောင်သူကြီးမှာ အရေအတွက်မှာ (၅) အိမ်သာရှိပြီး နည်းသော်လည်း မြေယာပိုင် ဆိုင်မှု အလွန်များသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှု မညီမျှမှုရှိကြောင်းတွေ့ရသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေအနေဖြင့် အဝီစီရေတွင်းဖြင့် ဟင်းသီး/ဟင်းရွက် ၁၀ ဧကခန့် စိုက်ပျိုးမှုသာရှိပြီး စိုက်ပျိုးရေ လုံလောက် မှုမရှိပါ။ ကျန်စိုက်ပျိုးမြေများတွင် စိုက်ပျိုးရေး သွင်းရေ မရနိုင်ကြပါ။လမုန်ချောင်ရှိသော်လည်း ငွေအရင်းအနှီးမရှိခြင်းနှင့်နည်းပညာအားနည်းသောကြောင့် ရေသွင်း ဆည်မြောင်းဖေါက်လုပ်နိုင်ခြင်းမရှိ။လယ်များမှာ မိုးရေကိုသာ အားကိုးစိုက်ပျိုးနေကြရပြီး မိုးတွင်း ကာလ နှင့် ဆောင်းတွင်းကာလတွင်သာသီးနှံစိုက်ပျိုးမှုများကြောင်းတွေ့ရပြီး နွေရာသီတွင် စိုက်ပျိုးရေ အခက် အခဲကြောင့် ရေသွင်းစိုက်ပျိုးလေ့မရှိကြောင်းတွေ့ရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၉၅ | တင်း | ၃၅ | ၆၀ | ၄၅ | ဇူလိုင် | နိုဝင်ဘာ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| လိမ္မော် | | | | | | | | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☒ လတ်☐ နိမ့်☐ |
| သစ်မွှေး | | | | | | | | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☒လတ်☐ နိမ့်☐ |
| ညောင်း | | | | | | | | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☒ လတ်☐ နိမ့်☐ |
| ဂရိတ်ဖု | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါးဖြစ်ပါသည်။ စပါးစိုက်ဧကပေါင်း (၉၅) ဧကရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တစ်ဧက တင်း ၃၀ မှ အများဆုံး တင်း ၄၀ နှင့် ပျမ်းမျှ ၃၅ တင်းနှုန်းထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်အတင့် ဖြစ်ပြီး အမြတ်ရရှိနိုင်မှု လတ်ဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် လယ်၊တောင်ယာမြေများမှစပါးတမျိုးထဲသာစိုက်ပျိုးရာတွင် သဘာဝမိုးရေဖြင့်သာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးအသိပညာနည်းပါးခြင်းကြောင့်၁ဧကအထွက်နှုန်းတင်း ၃၀မှ ၄၀အနည်းဆုံးထွက်ရှိပါသည်။ အခြားသီးနှံများအနည်းငယ်သာစိုက်ပျိုးထားရှိပါသည်။ဧကလိုက်စိုက်ပျိုးထား ခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁၂ | | | ငှါးရမ်းခ တစ်ဧက ၆၀၀၀၀ ကျပ်။ |
| လက်တွန်းထွန်စက် | ၂၉ | | | |
| အစေ့ချ ကိရိယာ | ၁ | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | ၃ | | | |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | ၁၅ | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | · | | | တစ်ရက် ငှါးရမ်းခ ၂၀၀၀၀ ကျပ်၊ ဆီထည့်ပေးရသည်။ |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ ရှိချက်။** ။ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာအနေဖြင့် ထွန်စက်ကြီး ၁၂စီး၊ လက်တွန်းထွန်စက် ၂၉ စီး၊ အစေ့ချစက် ၁ခု၊ စပါးရိတ်စက် ၃ခု၊ ခြွေလှေ့စက် ၁ ခု၊ ရေစုပ်စက် ၁၅ ခုနှင့်မြက်ရိတ်စက် ၁၀၀ ခုသာရှိသဖြင့် လုံလောက်မှုမရှိပါ။ ကျန်တောင်သူများမှ ထွန်စက် ငှါးရမ်း အသုံးပြုပါက တစ်ဧက ၆၀၀၀၀ ကျပ်ပေးဆောင်ကြရသည်။လယ်ယာသုံးစက်ကရိယာ အရစ်ကျဝယ် ယူလိုကြပြီး မည်သို့ဆက်သွယ်ဝယ်ယူကြရမည်ကိုမသိရှိကြပါ။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့်အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့်အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐ |
| နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအထွက်နှုံးတိုးစေရန် သဘာဝရေမြေရာသီဥတုကောင်းသည်။ လယ်ယာမြေအသုံးချနိုင်မှု နှင့် စိုက်ပျိုးရေရရှိနိုင်မှု အသင့်အတင့်ရှိသည်။ စိုက်ဘဏ်မှ ပုံစံ ၇ ရှိသူများချေးငွေရရှိသည်။ သဘာဝမြေဆွေးနွားချေး၊ သစ်ရွက်ဆွေး လုံလောက်မှု မရှိ ။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို လိုသလောက် ဝယ်ယူရရှိနိုင်သည်။ နည်းပညာဝန်ဆောင်မှုများမရရှိပါ။ တနိုင်းနှင့် သွားလာရန် လမ်းများကောင်းမွန်ပြီး အချိန်မရွေး ရာသီမရွေး ယာဉ်မျိုးစုံသွားလာနိုင်သည်။ ဟင်းသီး/ရွက်များတနိုင်းဈေးသို့ သွားရောက်ရောင်းချသော်လည်း တခါတရံ ရောင်းမကုန်ပါ။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☑ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | မဖြေဆိုပါ ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများအနေဖြင့် ရာသီဉတုမမှန်ပါ။ ယခုအခါ လုပ်ကိုင်စားသောက်ရန် စိုက်ပျိုး မြေလုံလောက်မှုမရှိကြပါ။ ရွာမှ ၁၀-၂၀ မိုင်ဝေးသော နေရာတွင် မြေရိုင်းများချဲ့ထွင်ရန် ရှိသော်လည်း ဝေးလွန်းသောကြောင့် သွားရောက်ချဲ့ ထွင်နိုင်ခြင်းမရှိကြပါ။ စိုက်ပျိုးရေ၊ ချေးငွေ၊ သီးနှံမျိုးစေ့၊ သဘာဝ မြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ စသည်တို့ကိုလည်းအလွယ်တကူ မရရှိ နိုင်ကြပါ။ အရင်းအနှီးမရှိသောကြောင့် လုံလောက်စွာ ဝယ်ယူ အသုံးပြုနိုင်ခြင်းမရှိကြပါ။ (ပြည် တွင်း/ ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ကြသောကြောင့် စိုက်ပျိုးချိန်တွင် အလုပ်သမားရှားပါးလာသည်။ နည်းပညာနှင့် ဝန်ဆောင်မှုများလည်း လုံးဝမရကြပါ။ ဖျက်ပိုးနှင့် ရောဂါများ အသင့်အတင့်ကျရောက်သည်။ စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်အနေဖြင့် ဈေးနှင့် နီးသော်လည်း ဈေးကောင်းမရကြပါ။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၂၅ | ၁၉၀ |
| နို့စားနွား | | |
| ကျွဲ | ၅၆ | ၉၆ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | | |
| သိုး | - | - |
| ဝက် | ၅၇ | ၈၀ |
| ကြက် | ၃၀ | ၃၄၆ |
| ဘဲ | ၂၀ | ၃၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း<br>လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ ရှိချက်။** ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူသောအိမ်ထောင်စုမှုနည်းပါးပါသည်။နွားကို ၁၂၅အိမ်မှ ၁၉၀ ကောင်။ ဝက်ကို ၅၇အိမ်မှ ၈၀ကောင်၊ ကြက်ကို ၃၀ အိမ်မှ ၃၄၆ကောင်နှင့် ဘဲကို ၂၀ အိမ်မှ ၃၃ ကောင်မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ ဈေးနှင့် နီးပြီး ဈေးကွက်အလုံလောက်မရှိပြီးပါ။အရင်းအနှီးနည်းသည်။ သားသတ်လိုင်စင်၏ ခေါင်းပုံဖြတ်မှုခံရသည်။ လွတ်လပ်စွာ ရောင်းချခွင့်မရှိကြသောကြောင့် ဈေးကောင်းမရ၊ အကျိုးအမြတ်နည်းနေသေးသည်။ နှစ်စဉ်ရာသီအလိုက်ရောဂါများ ကျရောက်လေ့ရှိပြီး ကျေးရွာတွင် တိမွေးကု သင်တန်းဆင်း၂ ဦးရှိပြီး လိုအပ်သည့် အချိန်တွင် ဝန်ဆောင်မှု အလွယ်တကူရနိုင်ကြသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့်☑ မဖြေဆိုပါ ☒ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☑ မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☒ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်☒ အသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☒ |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| အနေအထား | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒ |
| ဈေးကွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☒ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☒ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☒ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☒ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းကောင်းများအနေဖြင့် ရေအလုံအလောက်ရှိသည်။ မွေးမြူရေးအစာနှင့် ဆေးစသည် သွင်းအားစု များထိုက်သင့်သလောက်ရရှိနိုင်ပါသည်။ ကျေးရွာတွင် တိမွေးကုသင် တန်းဆင်း ၂ ယောက်ရှိပါသည်။ အိမ်တိုင်းတွင် မွေးမြူရန် မြေနေရာ အလုံအလောက်ရှိကြသည်။သို့သော် မွေးမြူရေးထုတ် ကုန်များကို လည်း အလွယ်တကူရောင်းချနိုင်ပြီး ဈေးကွက်လည်း အလုံအလောက်မရှိခြင်း၊ ဈေးကောင်းရရှိနိုင်မှု အားနည်းတို့ကြောင်းမွေးမြူးရေးလုပ်ငန်းသည်တွင်းတွင်းကျယ်ကျယ်မဆောင်ရွက်နိုင်ပါ။

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☑ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| ရေရရှိမှု | ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☑ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☑ မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☑ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑ |

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☑ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ☑ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☒ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ☒ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ☒ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ☒ |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ☒ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☒ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မလွယ်ကူပါ ☐ မဖြေဆိုပါ ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စားကျက်ရှားပါးသည်။ မျိုးကောင်းမျိုးသန့် လွယ်ကူစွာဝယ်ယူမရနိုင်ပါ။ မွေးမြူရေး တိုးမြှင့်ရန် ချေးငွေမရှိ။ ဈေးကောင်းမရကြပါ။ သားသတ်လိုင်စင်၏ ဈေးနှိမ်ခေါင်းပုံဖြတ်ခံကြရသည်။

### (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်း ချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့် ☑ မဖြေဆိုပါ ☐ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ☑ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း ☑ သင့် ☐ မဖြေဆိုပါ ☐ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ပေါများ ☐ သင့် ☑ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☐ မဖြေဆိုပါ ☑ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ် သော (သို့မဟုတ်) အသက်မွေးဝမ်း ကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑ |
| အလုပ်အကိုင် အခွင့်အလမ်း | များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများအနေဖြင့် အလုပ်လုပ်နိုင်သော အရွယ်ရှိသည်။ ဈေးကွက် အသင့် အတင့်ရှိ သည်။ ဈေးကွက်ဆိုင်ရာအသိအမြင် အသင့်အတင့် နားလည်သည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းပြီး ရာသီမရွေး၊ အချိန်မရွေး ယာဉ်မျိုးစုံသွားလာနိုင်သည်။ ကုန်ကြမ်း ရရှိနိုင်မှု အသင့်အတင့်ရှိသည်။ လျှပ်စစ်မီးမရရှိပါ။ မြစိမ်းရောင်ချေးငွေရသော်လည်းလိုအပ်သလောက်ချေးယူမရ ပါ။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက် အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ☑ လုံးဝမရှိ ☐ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ် သော အခြား ဒေသထွက်ကုန်များကို | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☑ မဖြေဆိုပါ ☐ |

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ရောင်းချရန် ဈေးကွက်ရှိခြင်း | |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☑<br>လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ☑ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် ☑ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝ မရပါ☑ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☑ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ☑<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ် သော (သို့မဟုတ်) အသက်မွေး ဝမ်း ကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☑ လုံးဝ မတတ် ☐<br>မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ☑<br>အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများသောကြောင့် လက်ရှိ တွင် လုပ်သားရှားပါးသည်။ ဒေသထွက်ကုန်အတွက် ဈေးကွက်မရှိ၊ ဈေးကောင်းမရပါ။ ဈေးကွက် အခြေအနေကို ကောင်းစွာနားမလည်ကြပါ။ လျှပ်စစ်မီးမရရှိပါ။ အရင်းအ နှီးအတွက် ချေးငွေလို သလောက်လွယ်ကူစွာ မရရှိပါ။ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရပါ။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိ။ ကျေးရွာတွင် အလုပ်အကိုင်အခွင့် အလမ်းနည်းသည်။

### (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၂၅ | ၁၀ | ၈ | ၁၈ | ၆ | ၅ | ၁၁ | ၁၆ | ၁၃ | ၂၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၁ | ၁ | ၂ | | | | ၁ | ၁ | ၂ |
| | ၆ လ အထိ | | ၂ | ၀ | ၂ | | | | ၂ | ၀ | ၂ |
| | ၁၂ လ အထိ | | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၃ | ၂ | ၅ |
| | ၁၂ လ အထက် | | ၈ | ၂ | ၁၀ | ၁ | ၂ | ၃ | ၉ | ၄ | ၁၃ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု/မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု/ မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ်တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို "**ရွှေ့ပြောင်းသွားလာနေထိုင်သူ**" ဟု သတ် မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီ သွားနေသူများသည် လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ ၂၅ အိမ်ထောင်စုမှ ပြည်တွင်းပြည်ပ စုစုပေါင်း ရွှေ့ပြောင်းသွား လာသူ ၂၉ဦး (ပြည်တွင်း ၁၈ ဦးနှင့် ပြည်ပ၁၁ ဦး) ရှိသည်။ ၄င်းတို့အနက် ၃ လအထိ ပြည်တွင်း ရွှေ့ပြောင်းသွားလာသူ ၂ ဦး (ကျား ၁ ဦး+ မ၁ဦး)၊ ၆လအထိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူ (၂) ဦး (ကျား ၂ ဦး+ မ ၀ ဦး)၊ ၁၂ လအထိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူ ၂၀ ဦး(ကျား ၇+ မ ၁၃)၊ ပြည်ပ ရွှေ့ပြောင်း သွားလာသူ ၂၂ ဦး (ကျား ၉ ဦး+ မ ၁၃ ဦး)၊ ၁၂ လနှင့်အထက် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူ ၁၀ဦး (ကျား ၈ + မ ၂) ဦး၊ ၁၂ လနှင့်အထက် ပြည်ပရွှေ့ပြောင်းသွားလာသူ ၃ဦး(ကျား ၁ + မ၂ ) ဦးရှိသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းသောကြောင့် ပြင်ပ ရွှေ့ ပြောင်းသွားလာလုပ်ကိုင်သူ များနေခြင်းဖြစ်သည်။ ရလာဒ်အနေဖြင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူ များကို ထိခိုက်သက်ရောက်လွယ် မှု မြင့်နိုင်သကဲ့သို့ ၄င်းတို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူ ဖြစ်လာနိုင်ပါသည်။

### (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၅ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်။** ။ရွှေ့ပြောင်းသွားလာသူအားလုံးသည် အလုပ်နှင့် ဝင်ငွေအတွက် သွားလာကြခြင်းဖြစ်သည်။

### (ဂ- ၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၃၅ | ၁၀ | | ၂၅ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၁၀ | ☒ | | |
| | - ခ။ ဘဏ် | | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၂၅ | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | | | | |

ရင်းမြစ် …(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေ့ပြောင်းသွားလာသများမှ ပြန်ပို့ငွေကို ငွေလွှဲလုပ်ငန်းနှင့်လူကြုံမှ ပို့ပေးလေ့ရှိပြီး အခက်အခဲ တစ်စုံတစ်ရာမရှိကြပါ။ ပြန်ပို့ငွေအပေါ် မှီခိုနေရသော အိမ်ထောင်စုများမှာ ၃၅ အိမ်ထောင်အားလုံး အသင့်အတင့်မှီခိုနေကြရသည်။

### (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ကျေးရွာ မရှိ | တနိုင်းမြို့မဈေး |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐<br>ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐<br>ရထား ☐ သုံးဘီးဆိုင်ကယ် ☐<br>လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☑<br>လှေ ☐ စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ ဈေးမရှိပါ။ ကျေးရွာတွင် အိမ်ဆိုင် (၁၀)ဆိုင်နှင့်ဆိုင်ကယ်ဖြင့်လှည့်လည်ရောင်းချသောကုန်စိမ်းသည်များသာရှိပါသည်။ အကြီးစားဈေးမှာ တနိုင်းမြို့တွင် တည်ရှိပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာကြရပါသည်။ တနိုင်းဈေးတွင် ကုန်မျိုးစုံ လိုသလောက် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး တစ်နေကုန်ရောင်း၊ ဝယ်နိုင်သဖြင့် ဈေးအဆောက်အဦ နှင့် ဝန်ဆောင်မှု ကောင်းသည်။

### (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် / မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☒<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☒<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက် ☐ | လိုအပ်သည် ☒<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☒<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေး ငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| မြစိမ်းရောင်ချေးငွေ | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☒<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☒<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☒ | နည်းသည် ☐<br>ရှိသည် ☒<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
